# ကျေးဇူးစာ ကျေးဇူးစကား

ဒီ 'ရွှေမန်းက သန်းနှစ်သန်း' ဆိုတဲ့ စာအုပ်က စာရေးသူရဲ့ တတိယမြောက် စာအုပ်ဖြစ်ပါတယ်။ မန္တလေးမြို့ အငြိမ့်လောကမှာ ထင်ပေါ်ကျော်ကြားပြီး ပရိသတ်ရင်ထဲ စွဲဆဲဖြစ်တဲ့ အငြိမ့်မင်းသမီး ၃ လက်ရှိပါတယ်။ 'သန်းသုံးသန်း' ဆိုပြီး အမှတ်သညာပြုကြပါတယ်။

အဲဒီအငြိမ့်မင်းသမီး ၃ လက်ကတော့ (ဒေါ်) မျိုးချစ်သန်း၊ ရွှေမန်းသူ (ဒေါ်) မြင့်မြင့်သန်းနဲ့ (ဒေါ်) ထိပ်သီးသန်းသန်းတို့ပဲ ဖြစ်ကြပါတယ်။ စာရေးသူက (ဒေါ်) မျိုးချစ်သန်းကို မမီပါ။ ကွယ်လွန်သွားပြီဖြစ်တဲ့ လူရွှင်တော် ဦးရွှေချိုင်းတို့နဲ့ အတူကခဲ့တဲ့ 'သက်ကြီးအငြိမ့်' မှာပဲ နှစ်ခါလောက်သာ ကြည့်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့် ချန်လှပ်ခဲ့ရပါတယ်။ ကျန်တဲ့ ရွှေမန်းသူ (ဒေါ်) မြင့်မြင့်သန်းနဲ့ (ဒေါ်) ထိပ်သီးသန်းသန်းတို့ အကြောင်းကိုပဲ ရေးလိုက်ပါတယ်။

ဒီစာအုပ်ကို ရေးတဲ့အခါ အတော်လေးအားစိုက်ရပြီး အချိန်များစွာ ယူခဲ့ရပါတယ်။ စာရေးသူရဲ့ အားနည်းချက်ကြောင့်ပါ။ အမေထိပ်ဆိုရင် (၆.၁၀.၂၀၁၈) ရက်နေ့ကတည်းက သူ့အကြောင်းကို စာအုပ်ထဲ ရေးပေးခဲ့တာပါ။ အသက်ကြီးတော့ မှတ်မိသလောက်သာ ရေးနိုင်တော့တာပါ။ စာရေးသူက တန်ဆာဆင်ပြီး ရေးသားထားပါတယ်။ အမေမြင့်ဆိုရင်လည်း ၅ ခါလောက် အင်တာဗျူးခဲ့ရပါတယ်။

အမေထိပ်နဲ့ အမေမြင့်တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။ ဒ့ါအပြင် စာရေးသူ မမီလိုက်တဲ့ အကြောင်းအရာတွေကို စိတ်ရှည်လက်ရှည် ပြောပေးတဲ့ ဘဒွေး လူရွှင်တော် (ဦး) ချစ်စရာနဲ့ (ဦး) ထင်ပေါ်တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။ အမှန်ဆိုရင် ဘဒွေးတို့က အမှာစာ ရေးပေးရမယ့်အနေအထားပါ။ ဒါပေမယ့် အမေထိပ်တို့နဲ့ ဘဒွေးတို့က မောင်နှမလို မိတ်ဆွေလို အတူတွဲကခဲ့ကြတော့ အမှတ်တရစာကိုပဲ ရေးပေးဖို့ အပူကပ်ခဲ့တာပါ။

သဘင်တက္ကသိုလ်လို့ တင်စားကြတဲ့ မန္တလေးမြို့မှာ စာရေးသူတို့ ငယ်စဉ်ကဆိုရင် အငြိမ့်အဖွဲ့ပေါင်း ၃၀ ကျော် ရှိခဲ့ပါတယ်။ အဖွဲ့ ၃၀ ကျော်လုံး မကရတဲ့ ညက ခပ်ရှားရှားဖြစ်ခဲ့တယ်ဆိုတာ အမှန်ပါ။ အခုတော့ အငြိမ့်အဖွဲ့ ၃ ဖွဲ့သာ ကျန်ပါတော့တယ်။ မြန်မာ့သဘင်လောက (အထူးသဖြင့် အငြိမ့်လောက) က နိမ့်ပါး ဆုတ်ယုတ်လျက်ရှိပါတယ်။ ဝမ်းနည်းစရာကောင်းသလို နှမြောစရာလည်း ကောင်းပါတယ်။ ဒါကြောင့်မို့ မှတ်တမ်းမှတ်ရာတစ်ခုအဖြစ် ရေးသားလိုက်ရခြင်းပါ။

သက်ရှိထင်ရှားရှိဆဲ အနုပညာရှင်တွေရဲ့ အကြောင်းကို ရေးဖွဲ့တဲ့နေရာမှာ ထောက်ထားငဲ့ညှာရမယ့် အကြောင်းအရာတွေကို ထောက်ထားပြီး ချန်လှပ်သင့်လို့ ချန်လှပ်ခဲ့ရပါတယ်။ စာဖတ်သူတွေအတွက် အကျိုးမရှိလို့ပဲ ဖြစ်ပါတယ်။ အမေထိပ်အကြောင်းကို ပြောသူ (First Person) အနေဖြင့် ရေးသားထားပြီး အမေမြင့်အကြောင်းကို ပြန်ပြောပြသူ (Third Person) အနေဖြင့် ရေးသားထားပါတယ်။

အမှတ်တရ စာများ ချီးမြှင့်ပေးတဲ့ ဘဒွေးလူရွှင်တော် (ဦး)ချစ်စရာ ၊ (ဦး) ထင်ပေါ်၊ ဒီဇိုင်နာ ကိုထွန်းထွန်းလင်း၊ အမှတ်တရစာ ချီးမြှင့်ပေးရုံမက ပါဠိ စာလုံးများကို ပြင်ဆင် တည်းဖြတ်ပေးပါသော စာရေးဆရာ ဥုဖွ (ဦးလှအောင်) နဲ့ အတွင်း ကယ်ရီကေးချားပုံများကို မေတ္တာဖြင့် ရေးဆွဲပေးတဲ့ ကာတွန်း ဒိန်းဂျား (ကိုမျိုးတင့်ကျော်- ကျော်ဘက်ဆည်) တို့ကို ကျေးဇူးအထူးတင်ရှိပါတယ်။

မျက်နှာဖုံးသရုပ်ဖော်ပုံနဲ့ ပတ်သက်ပြီး စာရေးသူစိတ်တိုင်းကျ စိတ်ရှည် လက်ရှည်ရေးဆွဲပေးပါသော ဦးနေဇော် (နည်းပြ၊ ပန်းချီပညာဌာန၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်) ကို ကျေးဇူးအထူးတင်ကြောင်း ဖော်ပြအပ်ပါတယ်။

ဒီစာအုပ်မှာ ချို့ယွင်းချက် တစ်စုံတစ်ရာပါပါက စာရေးသူနဲ့သာ သက်ဆိုင်ကြောင်း ဖော်ပြလိုပါတယ်။

**စိတ်ကျန်းမာကြပါစေ။**

**မားအလိမ္မာ**